# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၈)
## ၁၃၇၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
## (၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၃၅ က၊ ပုဒ်မခွဲ (၂)၏ ပထမခြွင်းချက်၊ အမိန့် ၃၈၊ နည်းဥပဒေ ၁၃၊ အမိန့် ၅၀ နှင့် အမိန့် ၅၃ တို့ကို ပယ်ဖျက်ရ မည်။

၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော ဒင်္ဂါးငွေပမာဏကို "five thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (က) တွင် ပါရှိသော ငွေပမာဏကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁) တွင် -

(က) ပုဒ်မခွဲငယ် (ဓ) နှင့် ပုဒ်မခွဲငယ် (ဈ) တို့၌ ပါရှိသော ငွေပမာဏကို "ten thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (ဈ) ၌ ပါရှိသော "a railway administration or" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲငယ် (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(j) the pay and allowances of persons to whom the Defence Services Act, 1959 applies."

(ဃ) ပုဒ်မခွဲငယ် (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(k) all compulsory deposits;"

၆။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော -

(က) "or any member of a British foreign military mission" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) "a Secretary to the Government" ဆိုသည့် စကားရပ်ကို "a Director General of the Office of the Government" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော ဒဏ်ကြေးငွေပမာဏကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ခြွင်းချက်နောက်တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက်ရမည် -

"Provided also that nothing in this proviso shall affect the power of Supreme Court in the exercise of its revisional jurisdiction"

၉။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆ တွင် -

(က) နည်းဥပဒေ ၂၃ ၌ ပါရှိသော ဒုတိယစာပုဒ်ကို အောက်ပါအတိုင်း အစားထိုးရ မည် -

"Commissioners' fees for every effective meeting shall not exceed five thousand kyats for the first two hours and one thousand kyats for each succeeding hour."

(ခ) နည်းဥပဒေ ၂၄ ၏ စာကိုယ်စာပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည် -"24 When, under the orders of a State or Divisional Court or District Court, an oath or solemn affirmation is administered to a declarant of an affidavit at his request elsewhere than at the Court, a fee of fifteen hundred kyats shall be paid by the said declarant."

(ဂ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ခ) ၌ ပါရှိသော ငွေပမာဏကို |"five hundred kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) ၌ ပါရှိသော ငွေပမာဏကို "five hundred kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (က) တွင် -

(က) နည်းဥပဒေခွဲငယ် (၁)၌ ပါရှိသည့် "as the Court deems reasonable;" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေခွဲငယ် (၂) ၌ ပါရှိသည့် "the preliminary decree;" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) နည်းဥပဒေခွဲငယ် (၃) ၌ ပါရှိသည့် "failing both such rates, at nine per cent per annum; and" ဆိုသည့် စကားရပ်နောက်တွင် "where both of such rates are not fixed, at such rate as the Court deems reasonable or in a suit

instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ခ) တွင် ပါရှိသည့် "as the Court deems reasonable-" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such-" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၄ ပထမခြွင်းချက်တွင် ပါရှိသော ငွေပမာဏကို "one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ)

(သန်းရွှေ)

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ